ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ် (၃ / ၂၀၂၁)
၁၃၈၃ ခုနှစ်၊ **ဝါဆို** လဆန်း (၄)ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်)

အမည်ပျက်စာရင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ခုနှစ်၊ ဧပြီလ (၂၇) ရက်စွဲပါ ထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၂၁)၊ အပိုဒ် (၄) (က) ၌ " မိမိတို့ ဝန်ကြီးဌာနအတွင်းရှိ CDM တွင် ပါဝင်ဆန္ဒပြနေသည့် ဝန်ထမ်းများကို အမျိုးမျိုး ဖိအားပေး ခြိမ်းခြောက်နေသည့် အကြမ်းဖက် အာဏာသိမ်းစစ်ကောင်စီသြဇာခံများနှင့် ယင်းစစ်ကောင်စီ လက်အောက်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ (Non-CDM များ)အား ၎င်းတို့၏ လုပ်ရပ်/ ပြစ်မှုအပေါ်မူတည်ကာ အမျိုးသားညီညွတ်ရေးအစိုးရက ထိုက်သင့်သည့် ပြစ်ဒဏ်များ ချမှတ်ကာ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါသည် " ဟု ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

သို့ပါ၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ခုနှစ်၊ ဇူလိုင်လ (၁၀)ရက်နေ့တွင် ပြုလုပ်သည့် အစည်းအဝေး ဆုံးဖြတ်ချက် အမှတ်(၇) အရ နိုင်ငံတော်နှင့် ပြည်သူအတွက် ပြည်သူ့အာဏာဖီဆန်ရေး လှုပ်ရှားမှု ပြုလုပ်နေကြသော သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအား ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ဝန်ထမ်း အိမ်ရာမှ အတင်း အဓမ္မ ဖယ်ရှားခြင်း၊ ပြန်လည်ပေးဆပ်ရန် မလိုအပ်သည့် ချီးမြှင့်ငွေ (ချေးငွေနှစ်ဆ) နှင့် လျော်ကြေးများ (ပညာသင်လျော်ကြေး၊ လုပ်ငန်းခွင်တွင် သတ်မှတ်ကာလပြည့်မီအောင် ဆောင်ရွက်ပြီးခြင်း မရှိသေးသူများထံမှ တောင်းခံသည့် လျော်ကြေး) အား ပေးဆပ်ခြင်းမရှိပါက တရားစွဲဆိုသွားမည်ဟု တောင်းခံနေခြင်းနှင့် စစ်ကောင်စီ၏ ယန္တရားလည်ပတ်နိုင်ရေး စွမ်းစွမ်းတမံ ဆောင်ရွက်နေခြင်း တို့ကို ကျူးလွန်နေသော အောက်ဖော်ပြပါ ဝန်ထမ်းများကို **အမည်ပျက်စာရင်း (Blacklist)** သွင်းလိုက်ပြီး ၎င်းတို့၏ ရာထူး တည်ရှိမှု အပါအဝင် ဝန်ထမ်းဆိုင်ရာ ခံစားခွင့်၊ ရပိုင်ခွင့် မည်သည့် ကိစ္စအဝဝကိုမျှ ပြည်သူ့အစိုးရမှ လုံးဝ(လုံးဝ) အသိအမှတ်ပြုမည် မဟုတ်ကြောင်း ကြေညာလိုက်သည်။

စဉ်	အမည်	ရာထူး	ဌာန
၁	ဒေါက်တာညီညီကျော်	ညွှန်ကြားရေးမှူးချုပ်	သစ်တောဦးစီးဌာန
၂	ဦးသိန်းတိုး	ဒုတိယညွှန်ကြားရေးမှူးချုပ်	သစ်တောဦးစီးဌာန

စဉ်	အမည်	ရာထူး	ဌာန
၃	ဒေါက်တာသောင်းနိုင်ဦး	ဒုတိယညွှန်ကြားရေးမှူးချုပ်	သစ်တောဦးစီးဌာန
၄	ဦးအောင်သူ	ညွှန်ကြားရေးမှူး	သစ်တောဦးစီးဌာန
၅	ဦးပြည့်စုံမျိုး	ညွှန်ကြားရေးမှူး	သစ်တောဦးစီးဌာန
၆	ဦးမောင်မောင်ကျော်	ညွှန်ကြားရေးမှူး	သစ်တောဦးစီးဌာန
၇	ဦးစိုးမြင့်သိန်း	ညွှန်ကြားရေးမှူး	သစ်တောဦးစီးဌာန
၈	ဦးတက်တိုး	ညွှန်ကြားရေးမှူး	သစ်တောဦးစီးဌာန
၉	ဦးခင်မောင်ထွေး	ညွှန်ကြားရေးမှူး	သစ်တောဦးစီးဌာန
၁၀	ဦးခင်ဖုန်း	ညွှန်ကြားရေးမှူး	သစ်တောဦးစီးဌာန
၁၁	ဦးစိုးတင့်	ညွှန်ကြားရေးမှူး	သစ်တောဦးစီးဌာန

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ